# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅)


## မြန်မာအမျိုးသမီးများနှင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှု

### စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးကာလ အမျိုးသမီးများ၏ပါဝင်မှုအပေါ် မေးမြန်းထားသည့် စစ်တမ်းရလဒ်

ဒီကနေ့မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ကာလအတွင်း အမျိုးသမီးတွေရဲ့ ပါဝင်မှုအပေါ် ကျပန်းသဘော မေးမြန်းထားတဲ့ စစ်တမ်းတခု ပြုလုပ်ခဲ့ပါတယ်။ ဒီစစ်တမ်းမှာ ပါဝင်ဖြေဆိုသူတွေရဲ့သဘောထား အမြင်အရ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှု အားကောင်းတာကို အခိုင်အမာပြဆိုနေပြီး၊ အနာဂတ်မှာ အမျိုးသမီး ကျား-မတန်းတူရေး တန်ဖိုးထားမှု အမူအကျင့်တွေလည်း ပိုအားကောင်းလာမယ့် အခြေအနေမှာ ရှိနေပါတယ်။ ထို့အတူ အာဏာရှင်စနစ်ဆန့်ကျင်ရေး တိုက်ပွဲပုံသဏ္ဌာန်တခုဖြစ်သော 'ထဘီအလံထူ လှုပ်ရှားမှု' ကို လည်း လက်ခံသူများပြားခဲ့ပါတယ်။

စစ်တမ်းဖြေဆိုသူတွေကို မေးခွန်းသုံးခု မေးမြန်းခဲ့ပါတယ်။
အဲဒီမေးခွန်းတွေက -

၁) စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးကာလအတွင်း အမျိုးသမီးများ၏ ပါဝင်မှုအပေါ် မည်သို့မြင်ပါသနည်း။
၂) စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှု အကျိုးဆက်တခုအနေဖြင့် အမျိုးသမီး ကျား-မတန်းတူရေး တန်ဖိုးထားမှု အမူအကျင့်များ ပိုမိုအားကောင်းလာမည်ဟု ယူဆပါသလား။
၃) စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေး တိုက်ပွဲပုံသဏ္ဌာန်တခုဖြစ်သည့် 'ထဘီအလံထူ လှုပ်ရှားမှု'အပေါ် ဓလေ့ထုံးထမ်းရှုထောင့်အရ သင့်ပတ်ဝန်းကျင်၌ လက်ခံမှု မည်သို့ ရှိပါသနည်းတို့ ဖြစ်ပါတယ်။




၂၆၄

စစ်တမ်းမှာ ပါဝင်ဖြေဆိုသူ ၂၆၄ ဦး ရှိခဲ့ပြီး
အမျိုးသမီး ၁၃၂ ဦးနဲ့ အမျိုးသား ၁၃၂ ဦးတို့
ဖြစ်ကြပါတယ်။ ဖြေဆိုသူတွေဟာ
အသက်အရွယ်အားဖြင့်
အသက်အငယ်ဆုံးက ၁၇ နှစ်ဖြစ်ပြီး၊
အသက်အကြီးဆုံးက ၇၆ နှစ် ဖြစ်ပါတယ်။
မေးမြန်းခဲ့သူ အများစုဟာ ရန်ကုန်မြို့မှာ
နေထိုင်ကြသူတွေ ဖြစ်ပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅)

မြန်မာအမျိုးသမီးများနှင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှု

**၁။ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးကာလအတွင်း အမျိုးသမီးများ၏ ပါဝင်မှုအပေါ် မည်သို့မြင်ပါသနည်း။**





ဖြေဆိုသူဦးရေ၏ အများစုဖြစ်သော **၈၃ ရာခိုင်နှုန်း (၂၁၉ ဦး)** က **အလွန်အားရပါသည်**ဟု ဖြေကြားခဲ့ပြီးက **၁၆ ဒသမ ၇ ရာခိုင်နှုန်း(၄၄ ဦး)** က **အားရပါသည်**ဟု ဖြေဆိုခဲ့သည်။ ကျန် **၀.၄ရာခိုင်နှုန်း (၁ဦး)** က **အားမရပါ**ဟု ဖြေဆိုခဲ့သည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅)

မြန်မာအမျိုးသမီးများနှင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှု

**၂။ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးလှုပ်ရှားမှု အကျိုးဆက်တခုအနေဖြင့် အမျိုးသမီး ကျား-မတန်းတူရေး တန်ဖိုးထားမှု အမူအကျင့်များ ပိုမိုအားကောင်းလာမည်ဟု ယူဆပါသလား။**





ဖြေဆိုသူဦးရေ စုစုပေါင်း၏ **၉၄ ဒသမ ၇ ရာခိုင်နှုန်း (၂၅၀ ဦး)**က **ယူဆပါသည်**ဟု ဖြေဆိုခဲ့ပြီး **၃ ဒသမ၄ ရာခိုင်နှုန်း (၉ ဦး)**က **မယူဆပါ** ဟု ဖြေဆိုခဲ့သည်။ ကျန် **၁ ဒသမ ၉ ရာခိုင်နှုန်း (၅ ဦး)**က **မသိပါ**ဟု သဘောထားမှတ်ချက်ပြုခဲ့ကြသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅)

မြန်မာအမျိုးသမီးများနှင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှု

**၃။ စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေး တိုက်ပွဲပုံသဏ္ဌာန်တခုဖြစ်သည့် 'ထဘီအလံထူ လှုပ်ရှားမှု'အပေါ် ဓလေ့ထုံးထမ်းရှုထောင့်အရ သင့်ပတ်ဝန်းကျင်၌ လက်ခံမှု မည်သို့ရှိပါသနည်း။**




ဖြေဆိုသူဦးရေ စုစုပေါင်း၏ **၈၄ ဒသမ ၈ ရာခိုင်နှုန်း (၂၂၄ ဦး)**က **လက်ခံသည်**ဟု ဖြေဆိုခဲ့ပြီး၊ **၉ ဒသမ ၈ ရာခိုင်နှုန်း (၂၆ ဦး)**က **မသိပါ**၊ ကျန် **၅ ဒသမ ၃ ရာခိုင်နှုန်း( ၁၄ ဦး)** က **လက်မခံကြပါ**ဟု ဖြေဆိုခဲ့ကြသည်။